ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၅၇) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဒုတိယဥက္ကဋ္ဌဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၅၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့မှာ

လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေဟာ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၄၄) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

### အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

### အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ဆေးရုံတက်ခွဲစိတ်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေးမကောင်း။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနှင်းဝေ၊ ကယား (၁၂)၊ ကျန်းမာရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေးမကောင်း။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဆေးခန်းပြရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သိန်း၊ မွန်(၄)၊ နေမကောင်း။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ရွေးကောက်ပွဲကော်မရှင်အစည်းအဝေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကျန်းမာရေးမကောင်းတို့ ဖြစ်ပါတယ်။

ဒီကနေ့ ခွင့်ပန်ကြားတဲ့ ကိုယ်စားလှယ်များအား ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကြီးခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ရေနံချောင်းမြို့၊ ရေနံချောင်းဒီဂရီကောလိပ်အား တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့ ရေနံချောင်းဒီဂရီကောလိပ်အား တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ရှိ ရေနံချောင်း ဒီဂရီကောလိပ်အား ရေနံချောင်းတက္ကသိုလ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းဒေသကောလိပ်ကို ၁၉၇၇ ခုနှစ် မေလ ၂၃ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှာတော့ တစ်နိုင်လုံးရှိ ဒေသကောလိပ်တွေကို ပညာရေးဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံရယူခဲ့ပြီးနောက် ၁၉၈၁ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နေ့မှစပြီးတော့ ဝိဇ္ဇာနဲ့ သိပ္ပံကောလိပ်များအဖြစ် ပြန်လည်ပြင်ဆင် ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါ ရေနံချောင်းကောလိပ်ကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂၅ ပညာ ၂(စ) ၂၀၀၂(၁၁) ဖြင့် ရေနံချောင်းဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ရေနံချောင်းဒီဂရီ ကောလိပ်တွင် ကျောင်းသားပုံမှန် (၂၂၃၉)ယောက်၊ အဝေးသင် (၅၃၁၉)ယောက် စုစုပေါင်း (၇၅၅၈) ယောက်တက်ရောက်ပညာသင်ကြားလျက် ရှိပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာန၊ အထက်မြန်မာပြည် လက်အောက်မှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်များရဲ့ ကျောင်းသားဦးရေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ရေနံချောင်း ဒီဂရီကောလိပ်မှာ ပုံမှန်(၂၂၃၉)၊ အဝေးသင်(၅၃၁၉)ဦး၊ စုစုပေါင်း(၇၅၅၈)ဦး။ မိုးညှင်းဒီဂရီ ကောလိပ် မှာတော့ ပုံမှန်(၂၃၇၆)၊ အဝေးသင်(၂၇၉၆)၊ ပေါင်း(၅၁၇၂)ဦး။ ဗန်းမော်တက္ကသိုလ်မှာတော့ ပုံမှန် (၂၀၀၉)ဦး၊ အဝေးသင်(၃၀၂၇)ဦး၊ ပေါင်း(၅၀၃၆)ဦး။ လွိုင်ကော်တက္ကသိုလ်မှာတော့ ပုံမှန်(၁၇၄၁)ဦး။ အဝေးသင်(၂၂၈၃)ဦး၊ ပေါင်း(၄၀၂၄)ဦး။ စစ်ကိုင်းတက္ကသိုလ်မှာ ပုံမှန်(၁၅၇၀)ဦး၊ အဝေးသင်(၁၉၉၀)ဦး၊ ပေါင်း(၃၅၆၀)ဦး။ ကျိုင်းတုံတက္ကသိုလ်မှာတော့ ပုံမှန်(၇၃၈)ဦး၊ အဝေးသင် (၂၀၄၀)ဦး၊ ပေါင်း(၂၇၇၈)ဦး။ ပင်လုံတက္ကသိုလ်မှာတော့ ပုံမှန်(၅၆၇)ဦး၊ အဝေးသင်(၁၂၇၉)ဦး၊ ပေါင်း(၁၈၄၆)ဦး ပညာသင်ကြားလျက် ရှိတာ တွေ့ရပါတယ်။

ကျောင်းသားအင်အား နှိုင်းယှဉ်တွေ့ရှိချက်အရ မိုးညှင်း ဒီဂရီကောလိပ်ထက် (၂၄၀၀)ခန့်၊ ဗန်းမော်တက္ကသိုလ်ထက်(၂၅၀၀)ခန့်၊ လွိုင်ကော်တက္ကသိုလ်ထက်(၃၀၀၀)ခန့်၊ စစ်ကိုင်းတက္ကသိုလ်ထက် (၄၀၀၀)ခန့်၊ ကျိုင်းတုံတက္ကသိုလ်ထက် (၅၀၀၀)ခန့်၊ ပင်လုံတက္ကသိုလ်ထက် (၆၀၀၀)ခန့် ကျောင်းသား အင်အားများစွာ သာလွန်ပိုမိုတက်ရောက်ပညာ သင်ကြားလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ယခုတင်ပြပါ အချက်အလက်များဟာ ၂၀၁၄ ခုနှစ်၊ ဧပြီလထုတ် အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည်မှ အချက်အလက်နဲ့ အကျဉ်းချုပ်နှင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ အဝေးသင်ဝင်ခွင့်ရ ကျောင်းသားစာရင်း အရ နှိုင်းယှဉ်ပြဇယားရေးဆွဲ တင်ပြခြင်းဖြစ်ပါတယ်။

ရေနံချောင်းဒီဂရီကောလိပ်ဟာ မြေဧရိယာ (၄၇.၁၃)ဧကတွင် တည်ရှိပြီး၊ ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်စတဲ့ မြို့နယ်

အသီးသီးမှ မြို့ပေါ်နဲ့ ကျေးလက်ဒေသ တောင်သူလယ်သမား သားသမီးများ အများဆုံးတက်ရောက် ပညာသင်ကြားလျက် ရှိပါတယ်။ ယခုအခါ ကျောင်းသားအင်အား တိုးတက်များပြားလျက်ရှိပြီး အခြားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များထက် ကျောင်းသားအင်အား သာလွန်ပိုမိုတက်ရောက် ပညာသင်ကြားလျက်ရှိတဲ့အတွက် ဒီဂရီကောလိပ်အဆင့်မှ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးပါရန် ရေနံချောင်းဒီဂရီကောလိပ် အချက်အလက်များနှင့်တကွ ပူးတွဲတင်ပြထားပြီးလည်း ဖြစ်ပါတယ်။

သို့ပါ၍ ဒေသခံပြည်သူများရဲ့ သား/သမီးများ တက္ကသိုလ်ပညာ အဆင်ပြေချောမွေ့စွာ သင်ကြားသင်ယူခွင့် ရရှိရေးအတွက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

(၁) ရေနံချောင်းမြို့ ဒီဂရီကောလိပ်အား တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ။ ရှိပါက မည်သည့်ပညာသင်နှစ်၊ မည်သည့်အချိန်မှ စတင်၍ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသည်တို့ကို ဒေသခံအများပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ဒေါက်တာဇော်မင်းအောင်က မကွေးတိုင်းဒေသကြီး၊ အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်းရဲ့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့ရှိ ရေနံချောင်းဒီဂရီကောလိပ်အား ရေနံချောင်းတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ရေနံချောင်း ဒီဂရီကောလိပ်မှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ မြို့နယ်အလိုက် နေ့သင်တန်း တက်ရောက်သင်ကြားနေတဲ့ ကျောင်းသူ/ကျောင်းသားများဟာ ရေနံချောင်းမြို့နယ်မှ (၁၀၀၁)ဦး၊ ချောက်မြို့နယ်မှ (၄၉၈)ဦး၊ စလင်းမြို့နယ်မှ(၂၄၁)ဦး၊ ပွင့်ဖြူမြို့နယ်မှ (၂၃၄)ဦး၊ ဆိပ်ဖြူမြို့နယ်မှ (၁၈၇)ဦး၊ စေတုတ္တရာမြို့နယ်မှ(၂၂)နဲ့ အခြားမြို့နယ်တွေက (၇၇)ဦး၊ စုစုပေါင်း(၂၂၆၀)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ တက္ကသိုလ်တစ်ခု ဖွင့်လှစ်ဖို့ရန် အတွက်ကတော့ ဒီနေ့ ကျောင်းသား/ကျောင်းသူ ဝင်ဆံ့အင်အား(၈၀၀၀)နဲ့ ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်ရန်မှာ ကျောင်းသူ/ ကျောင်းသား ဝင်ဆံ့အင်အား (၅၀၀၀)ရှိရမယ့်အပြင် အဆောက်အဦ၊ မြေနေရာ၊ သင်ကြားပို့ချမယ့် ဆရာ/ဆရာမရဲ့အင်အား၊ ဝန်ထမ်းအင်အား၊ သင်ထောက်ကူပစ္စည်း၊ ကျောင်းသုံး ပရိဘောဂများ

ဖြည့်ဆည်းပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ ပြည်နယ်များမှာတော့ ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျောင်းသားအင်အားကို လျှော့ချတဲ့ အနေနဲ့ ပြည်နယ်များမှာ တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ် ပေးခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့ မေးခွန်း အပိုင်း(က)၊ (ခ)၊ (ဂ)ကို ပူးတွဲပြီး ဖြေကြားရမယ်ဆိုရင် ကျောင်းသား/ကျောင်းသူ ဝင်ဆံ့ အင်အားပြည့်မီတဲ့အခါမှာသော် လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တက္ကသိုလ်များ စုစည်းမှု အစီအမံများ ရေးဆွဲချိန်မှာ သော်လည်းကောင်း ရေနံချောင်းဒီဂရီကောလိပ်ကို တက္ကသိုလ် အဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ထည့်သွင်းစဉ်းစားသွားမှာ ဖြစ်ပြီးတော့ လောလောဆယ်မှာတော့ ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါဘူး။ ယခုအခါမှာ တက္ကသိုလ် ကောလိပ်များ လွတ်လပ်စွာ စီမံခန့်ခွဲရေးအတွက် အသွင်ကူးပြောင်းရေး လုပ်ငန်းများဟာ ဆောင်ရွက်ဆဲ ကာလဖြစ်ပါတယ်။ တက္ကသိုလ်၊ ကောလိပ်များဟာ လွတ်လပ်စွာ စီမံခန့်ခွဲဆောင်ရွက်တဲ့အခါမှာ မိမိကျောင်းရဲ့ စီမံခန့်ခွဲမှုအရ ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ရိုသေလေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်မြို့တော်တွင် ယာဉ်ကြောပိတ်ဆို့နေမှုကို လျှော့ချနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ် လုံခြုံစိတ်ချရေးအတွက် ကျောင်းကား (School Bus)များကို အခွန်ကောက်ခံခြင်းမပြုဘဲ တင်သွင်းခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့် အိမ်စီးယာဉ်များဖြင့် ကျောင်းကြို/ပို့ခြင်းကို ပိတ်ပင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က ရန်ကုန်မြို့တော်တွင် ယာဉ်ကြောပိတ်ဆို့နေမှုကို လျှော့ချနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ် လုံခြုံစိတ်ချရေးအတွက် ကျောင်းကား(School Bus)များကို အခွန် ကောက်ခံခြင်းမပြုဘဲ တင်သွင်းခွင့်ပြုနိုင်ခြင်း ရှိ/မရှိနှင့် အိမ်စီးယာဉ်များဖြင့် ကျောင်းကြို/ပို့ခြင်းကို ပိတ်ပင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ကျွန်တော်တို့ ယနေ့အစည်းအဝေးကို ကြွရောက်လာတဲ့ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးနဲ့ စီးပွားကူးသန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးရခြင်း ရည်ရွယ်ချက်မှာ (၂)ပိုင်း ပါဝင်ပါတယ်။ (၁)ပိုင်းကတော့ အားလုံးအများ သိတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ စီးပွားရေးမြို့တော်၊ ရန်ကုန်မြို့တော်ကြီးဟာ တစ်နေ့တစ်ခြား ယာဉ်ပိတ်ဆို့မှုတွေက အင်မတန်မှကို များလာပါတယ်။ တစ်နေရာကနေ တစ်နေရာသွားဖို့ဆိုရင် နာရီနဲ့ချီပြီးတော့ ကြာပြီး သွားတာတောင်မှ ကားတွေဟာ တရွေ့ရွေ့နဲ့ပဲ

သွားနေရတဲ့ အနေအထား ဖြစ်ပါတယ်။ အဲဒီတော့ လမ်းကြောတွေ ပိတ်ဆို့နေတာကို ဖြေရှင်းဖို့ကတစ်ပိုင်း ဖြစ်ပါတယ်။

နောက်တစ်ခုကကျတော့ ဒီ ကျောင်းသား/ကျောင်းသူ လူငယ်များ ဒီနေရာမှာ အခြေခံပညာ ကျောင်းသားများတင်မကပါဘူး။ တက္ကသိုလ် ကျောင်းသား/ကျောင်းသူတွေပါ အပါအဝင် Safety နဲ့ ဆိုင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ အခုသုံးစွဲနေတဲ့ ကျောင်းကြို/ပို့ ယာဉ်တွေဟာဆိုရင် Light Truck ဝန်တင်ယာဉ်ငယ်လေးတွေကိုပဲ ကျွန်တော်တို့က ဒါကို ခုံတန်းတွေ တပ်ဆင်ပြီးတော့ သုံးစွဲနေရတာ ဖြစ်ပါတယ်။ အဲဒီတော့ (၁)ရက်နေ့ကပဲ ကျွန်တော်တို့ တောင်ငူတက္ကသိုလ်မှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်မှာဆိုရင် တကယ်တော့ ယာဉ်ရဲ့ ချို့ယွင်းချက်၊ အားနည်းချက်ဆိုတာထက် ဒီ Light Truck မှာ ကျွန်တော်တို့က ဘေးခုံတန်းလေးတွေစီထားတယ်။ အလယ်ခုံတန်းလေးတွေ တင်ထားတဲ့ အတွက်ကြောင့်မို့လို့ ဒါဟာ လူစီးယာဉ် မဟုတ်ပါဘူး။ ဝန်တင်ယာဉ်ကို လူစီးယာဉ်အဖြစ် ပြောင်းလဲထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလို ထိခိုက်ဒဏ်ရာရမှုတွေ၊ ဘရိတ်တစ်ချက်အုပ်လိုက်တာနဲ့တင် များပြားသွားတဲ့ အနေအထားဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ရန်ကုန်မြို့တွင်းမှာလည်း အခြေခံပညာအထက်တန်းကျောင်းပေါင်း များစွာ ရှိပါတယ်။ အခု ရန်ကုန်တက္ကသိုလ်ကြီးလည်း ပြန်လည်ဖွင့်လှစ်နေပါပြီ။ အဲဒီတော့ ကလေး တစ်ယောက်ကို ကားတစ်စင်းနှုန်းနဲ့ ဒီလိုမျိုး ဆောင်ရွက်နေတာတွေ ရှိပါတယ်။ အဲဒီတော့ ကျောင်းသား မိဘတွေ ဘက်ကလည်း ဘာတွေပြန်တင်ပြလည်းဆိုတော့ ကျောင်းကားနဲ့တော့ လွှတ်ချင်ပါတယ်။ ဒါပေမဲ့ ကျောင်းကားဆိုတာက ဒီ Light Truck ကို ဒီ ခုံတန်းတပ်ဆင်ပြီးတော့ ထားတဲ့ကားနဲ့ကတော့ Safety အတွက်ကတော့ စိတ်ပူရပါတယ်။ ဒါကြောင့်မို့လို့ သူတို့ စိတ်မချလို့ ကိုယ်တိုင်ကိုယ်ကျ ကြိုရပါ တယ်ဆိုတော့ အထူးအားဖြင့်ဆို ကျွန်တော်တို့ ဒဂုံ(၁)တို့ ဘာတို့ဆို ဥက္ကဋ္ဌကြီးခင်ဗျား။ အင်မတန်မှကို ယာဉ်ကြောတွေ ကျွန်တော်တို့ T.T.C တို့ ပိတ်ဆို့နေတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

အဲဒီတော့ တစ်ဆက်တည်းပဲ ဒုတိယဥက္ကဋ္ဌကြီးကို လေးစားစွာနဲ့ တင်ပြရရင် ကျွန်တော်တို့ ရန်ကုန် မြို့အပါအဝင် မြို့တော်တော်များများမှာ တစ်ခေတ်တစ်ခါတုန်းက လူစီးအမြန်ယာဉ်ငယ်လေးတွေ Hilux ကားတွေ ဒါလည်းဒီလိုပါပဲ။ အပေါ့စား ဝန်တင်ယာဉ်ငယ်လေးတွေကို ကျွန်တော်တို့ တိုင်းပြည် အခြေအနေအရ သုံးစွဲခဲ့ရတာမျိုးရှိပါတယ်။ နောက်တစ်ခါ ဒိုင်နာကားကြီးတွေ၊ ဒါတွေကိုလည်း ကျွန်တော် တို့ ပြေးဆွဲခွင့် ပိတ်ပင်ပြီး ဖြစ်ပါတယ်။ အဲဒီတော့ Public Transportation မှာတောင်မှ ဒီလိုဝန်တင် ယာဉ်တွေကို ကျွန်တော်တို့ ပြေးဆွဲခွင့်ကို ပိတ်ပင်ထားပြီးပြီဆိုရင် ကျွန်တော်တို့ ကျောင်းကားတွေဆိုရင် တော့ ဒါ ကလေးတွေအတွက်၊ ကျောင်းသားလူငယ်တွေအတွက်၊ အနာဂတ်ရဲ့ ရင်သွေးငယ်တွေအတွက် အင်မတန်မှ Safety အတွက်ကို အလေးထားပြီးတော့ ဂရုပြုရမှာ ဖြစ်ပါတယ်။

အဲဒီတော့ နိုင်ငံတကာမှာတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ သိတဲ့အတိုင်းပါပဲ ကျွန်တော်တို့ (School Bus)တွေသုံးပါတယ်။ (School Bus)က အရောင်ကိုက ခွဲခြားထားပါတယ်။ များသောအားဖြင့် ကျွန်တော် တို့ အဝါရောင်ကို သုံးပါတယ်။ (School Bus)တွေဆိုရင် လာတာနဲ့ကို ကျောင်းကားတွေလာပြီဆိုတာနဲ့ ကျန်တဲ့ယာဉ်တွေက လမ်းရှင်းပေးတာမျိုး၊ ကျောင်းသားတွေ လွယ်လွယ်ကူကူသွားနိုင်အောင် ဒီလိုစီစဉ် ထားတာမျိုး ရှိပါတယ်။ သို့သော် ဒီနေရာမှာ ဘာပြဿနာတစ်ခုတော့ ပေါ်ပေါက်ဖွယ်ရာ ရှိသလဲဆို ဒီ (School Bus)တွေ သွင်းမယ်ဆိုရင် ဈေးနှုန်းကျသင့်မှုများမယ်။ ဒါကြောင့်မို့လို့ ဒါကို မတင်သွင်းနိုင်တဲ့

အတွက်ကြောင့်မို့လို့ မြန်မာနိုင်ငံမှာ လွယ်လွယ်ကူကူနဲ့ ရရှိနေတဲ့ တပ်ဆင်ထုတ်လုပ်နေတဲ့ Light Truck တွေနဲ့ပဲ ဆောင်ရွက်နေရတာပါလို့ ဒါ ရန်ကုန်မြို့တွင် မကပါဘူးခင်ဗျား။ တစ်တိုင်းပြည်လုံးက ဒါမျိုးလေး တွေ ကျွန်တော်တို့ ဒါ တင်ပြလာဖွယ်ရာရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ ကျောင်းကားတွေ ဒီ (School Bus)တွေကို (School Bus)အဖြစ် ကျွန်တော်တို့ စနစ်တကျထုတ်လုပ်ထားတဲ့ ကားတွေကို အခွန် ကောက်ခံခြင်းမပြုဘဲနဲ့ ဒါမှမဟုတ်လည်း အခွန်နှုန်းထား လျှော့ချတဲ့ နည်းမျိုးနဲ့ ဆောင်ရွက်ပြီးတော့ ၊ တင်သွင်းပြီးတော့ ကျွန်တော်တို့ ပထမဦးဆုံးကတော့ စံပြအနေနဲ့ ရန်ကုန်မြို့တော်ကြီးမှာ ကျောင်းတွေ အားလုံးမှာ ကျောင်းကားစနစ်ပဲ သုံးပါ၊ ဟုတ်လား။ ဒါမှမဟုတ်ရင် မိဘကနေပြီးတော့ ခြေလျှင်လျှောက်၊ ခြေလျှင်လာကြိုရင်လည်း ကြို၊ ဒါမှမဟုတ် Public Transportation System အများပြည်သူသုံး ကျွန်တော်တို့ ပို့ဆောင်ရေးစနစ်ကိုသုံး ဟုတ်လား၊ ကလေးတစ်ယောက်ကို ကားတစ်စင်းနဲ့ ကြိုတဲ့ ဟာလေးကိုတော့ ကန့်သတ်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဒါတင်ပြပြီးတော့ မေးမြန်းလိုပါတယ်။ အဲဒီတော့ အဓိကအားဖြင့်တော့ ဒီ ဝန်တင်ယာဉ်ငယ်လေးတွေ၊ Light Truck တွေမှာ ဒီ လုံခြုံမှုမရှိဘဲနဲ့ ကျောင်းကားအဖြစ် ပြေးဆွဲနေရတာကို ကျွန်တော်တို့ဖြေရှင်းနိုင်မယ့် နည်းလမ်းတစ်ရပ် ရှာဖွေဆောင်ရွက် ပေးသွားဖို့ အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို ဒုတိယ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်း က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံ ကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၏ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဲဒီလိုဖြေကြားတဲ့နေရာမှာလည်း ကျွန်တော်တို့ စီးပွားကူးသန်းဝန်ကြီး ဌာနက Focal Ministry အဖြစ် ဆောင်ရွက်ပြီးတော့ သက်ဆိုင်ရာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရထား ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့မှ ဆွေးနွေးချက်များကို ပေါင်းစပ်ပြီး ဖြေကြားသွား မှာဖြစ်ပါတယ်။

ကျောင်းကား School Bus တွေကို ကျွန်တော်တို့ အခွန်ကောက်ခံခြင်းမပြုဘဲ တင်သွင်း နိုင်ခွင့် ရှိ/မရှိ နှင့် ပတ်သက်ပြီးမေးခွန်းနဲ့ ပတ်သက်၍ ကျောင်းကား School Bus ဆိုတဲ့ ကျောင်းကား School Bus System တစ်ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းတွေကနေ

ပြီးတော့ ထူထောင်ပြီးတော့ ပြေးဆွဲမယ်ဆိုလို့ရှိရင် မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေး ကော်မတီကနေပြီးတော့ ကျောင်းကား School Bus များတင်သွင်းခြင်းကိစ္စများအား လွယ်ကူချောမွေ့ အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေး ဝန်ကြီးဌာနနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။

လက်ရှိမှာတော့ ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနအနေနဲ့ မော်တော်ယာဉ်များ အခွန်းစည်းကြပ်ကောက်ခံရာမှာ အကောက်ခွန်ဦးစီးဌာနရဲ့ Myanmar Customs Tariff 2012, HS Code-8702) အရ ယာဉ်မောင်းအပါအဝင် ဆယ်ယောက်နှင့်အထက် စီးနင်းနိုင်တဲ့ ခရီးသည် သယ်ယူ ပို့ဆောင်ရေးယာဉ်များ၊ Motor Vehicles for the transport of Ten more Persons including the driver သည် သယ်ယူပို့ဆောင်ရေးဘတ်စ်ကားယာဉ်များအား ခရီးသည်တင်ယာဉ်အုပ်စုမှာ ထည့်သွင်း ပြီးတော့ အကောက်ခွန်(၃)ရာခိုင်နှုန်း စည်းကြပ်ကောက်ခံလျက်ရှိပါတယ်။ ကျောင်းကား School Bus ဆိုပြီးတော့ သီးခြား စနစ်ထူထောင်ပြီးတော့ တင်သွင်းခွင့်ပြုမယ်ဆိုရင် အကောက်ခွန်ဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိတဲ့ အကောက်ခွန်(၃)ရာခိုင်နှုန်းကို အထူးကိစ္စရပ်အနေဖြင့် လျှော့ကြထား ပါက ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေပုဒ်မ ၂၃ နဲ့ အကောက်ခွန်နှုန်း ဥပဒေ အခန်း(၄)အရ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကင်းလွတ် ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ပြည်ပကနေတင်သွင်းတဲ့ မော်တော်ယာဉ် School Bus များနဲ့ပတ်သက်ပြီး တော့ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေအရ ကင်းလွတ်ခွင့်ပြုမထားတဲ့အတွက် ကြောင့်မို့လို့ တည်ဆဲ ၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေနဲ့ ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ များအရ ပြည်တွင်းအခွန်များဦးစီးဌာနမှ School Bus များ ပြည်ပမှတင်သွင်းခြင်းအတွက် ကောက်ခံမယ့် ကုန်သွယ်လုပ်ငန်းခွန် (၅)ရာခိုင်နှုန်းနဲ့ ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းကိုတော့ လက်ရှိမှာ ပေးဆောင်ရမှာဖြစ်ပါတယ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိမှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာ နမှ City Bus ယာဉ်များ၊ အခြား Bus ယာဉ်အမျိုးအစားတွေမပါပါဘူး။ City Bus တွေကတော့ မြို့တွင်းမှာ ဒါ ခရီးသည်ပို့ဆောင်ရေးယာဉ်များဖြစ်ပါတယ်။ အဲဒီယာဉ်တွေကို ပြည်ပတင်သွင်းရင် မှတ်ပုံတင်ခအဖြစ် မူလတန်ဖိုးရဲ့ (၅)ရာခိုင်နှုန်းအား ကောက်ခံခြင်းမပြုဘဲနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခရီးသည်တင် ယာဉ်အုပ်စုမှာဆိုရင်တော့ Bus, Mini Bus, Micro Bus ယာဉ်မောင်းအပါအဝင် (၁၀)ဦးနှင့်အထက်ယာဉ် များကိုတော့ မူလတန်ဖိုး FOB ဈေးနှုန်းပေါ်မှာ ပြည်ပတင်သွင်းတဲ့ယာဉ်မှတ်ပုံတင်ခအား (၅)ရာခိုင်နှုန်း ကောက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ School Bus များအား အကောက် ခွန်(၃)ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်(၅)ရာခိုင်နှုန်းတို့ကို ကောက်ခံခြင်းမပြုတဲ့အချိန်ကျရင်တော့ ယာဉ်မှတ်ပုံတင်ခ (၅)ရာခိုင်နှုန်းကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ကောက်ခံခြင်းမပြုဘဲနဲ့ ဆောင်ရွက်ပေးမယ် ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ အိမ်စီးယာဉ်များနဲ့ ကျောင်းကြိုပို့ယာဉ်ကို ပိတ်ပင်ပေးရန်ကိစ္စနဲ့ပတ်သက်ပြီးတော့ ပညာရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အခြေခံကျောင်း များမှာ တက်ရောက်သင်ကြားလျက်ရှိတဲ့ ကျောင်းသား/သူများအား အိမ်စီးယာဉ်များနှင့် ကျောင်းကြိုပို့ ယာဉ်သည် ကျောင်းသားမိဘများရဲ့ သဘောဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်၍ ပိတ်ပင်ခြင်း၊ ခွင့်ပြုပေး

ခြင်းတို့ကို ညွှန်ကြားဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ပညာရေးဝန်ကြီးဌာနမှ ဖြေကြားထား ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးစရာရှိလား။ ထပ်ဆင့်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျာ၊ နောက်ဆက်တွဲ မေးခွန်းမေးမြန်းခွင့်ပြုတဲ့အတွက် ကျေးဇူးအင်မတန်တင်ပါတယ်။ တစ်ချက် တည်းပါပဲခင်ဗျ၊ ကျွန်တော်တို့ ခုန ဒုတိယဝန်ကြီး ဖြေကြားသွားတဲ့အထဲမှာလည်း ပါပါတယ်။ Bus အမျိုး အစားအနွယ်ဝင်တွေ အကုန်လုံးက ခရီးသည်တင်ယာဉ်တွေ ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဒီ Light Truck တွေကတော့ လုပ်ငန်းသုံးယာဉ်ဖြစ်ပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းသုံးယာဉ်တွေနဲ့ ဒီ ကျောင်းကြို ပို့ယာဉ်အဖြစ် ခွင့်ပြုထားတဲ့ ကိစ္စကကျတော့ ဘယ်ဝန်ကြီးဌာနက နေပြီးတော့ပေါ့နော် တာဝန်ယူ ဆောင်ရွက်ပြီးတော့ ဒါလေးကိုခွင့်ပြုပေးထားတာလဲ။ တကယ့်တကယ်တော့ Safety အတွက် က Safety ခါးပတ် ကျွန်တော်တို့ပတ်ရပါမယ်။ ထိုင်ခုံနဲ့ထိုင်ရပါမယ်။ ဒီလိုဘေးတန်းနဲ့အလယ်တန်းနဲ့ ဒီကျောင်းသား လေးတွေ သွားနေတာဟာ ဘယ်လိုမှ ဒါဟာလုံခြုံစိတ်ချရမှု မရှိပါဘူးခင်ဗျာ။ ဒီ လုပ်ငန်းသုံးယာဉ်ကို မေးချင်တဲ့မေးခွန်းကတော့ လုပ်ငန်းသုံးယာဉ် ခရီးသည်တင်ယာဉ်မဟုတ်ဘဲနဲ့ လုပ်ငန်းသုံးယာဉ်ကို ဘာဖြစ်လို့ ကျောင်းကားအဖြစ် ပြေးဆွဲခွင့်လိုင်စင် ထုတ်ပေးထားသလဲဆိုတာကို ဒါ ဘယ်ဌာနကနေပြီး တာဝန်ယူဆောင်ရွက်သလဲဆိုတာလေးကို ဒါ မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖြေနိုင်ရင်တော့ ဖြေကြားပေးပါ။ မဖြေနိုင်ရင်လည်း နောက် ညှိနှိုင်းပြီး ဖြေလို့ရပါတယ်။

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ဒေါက်တာမြတ်ဉာဏစိုး ရဲ့ ထပ်ဆင့်မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ စီးပွားကူးသန်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ယောက်အနေနဲ့တော့ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနရဲ့ ဒါ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း ကန့်သတ်ချက်တွေမပါပါဘူး။ ဒါကို သက်ဆိုင်ရာ ဝန်ကြီးဌာနကနေပြီးတော့ ဖြေကြားဖို့ကိုတော့ ဒါ နောက်မှ ဒါ ကျွန်တော်တို့ အကြောင်းကြားပြီးတော့ ဖြေကြားခွင့်ပြုဖို့ ကျွန်တော့်အနေနဲ့ တင်ပြ လိုပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍

အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေး နိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေ တင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ Referendum ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က မေလ(၂၈) ရက်နေ့မှာ ပြင်ဆင်ချက်မရှိ သဘောတူပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ပေးပို့လာတာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေရေးရာကော်မရှင်က ပညာရှင်များနဲ့ ဇွန်လ(၁)ရက်နေ့မှာ ဒီဥပဒေကြမ်း ပြင်ဆင်တဲ့ဥပဒေကြမ်း အပေါ်မှာ လေ့လာစိစစ်ခဲ့ပါတယ်။ ဒီလို လေ့လာစိစစ်ခဲ့တဲ့အခါမှာ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်း မရှိသည့်အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်းကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ လေ့လာတွေ့ရှိရပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျာ ကျွန်တော် ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြပါမယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲ ဥပဒေ Referendum ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင် ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည် ပြုဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ တင်ပြအစီရင်ခံ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် (၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၅-၆-၂၀၁၅(သောကြာနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးစိုင်းတင်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင် များအားလုံးကို မင်္ဂလာပါလို့ လေးစားစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၅
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ရက်

၁။ ပြည်သူ့လွှတ်တော်က အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၆-၅-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ၁-၆-၂၀၁၅ ရက်နေ့တွင် လေ့လာစိစစ်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ဤဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များသည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၅-၆-၂၀၁၅ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၂။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌခင်ဗျား၊ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ဒီကနေ့ ဒီအစည်းအဝေးမှာ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးကို ဂါရဝတရားရှေ့ထား၍ ကျွန်တော် လေးစားပါကြောင်း ရှေးဦးစွာဖော်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ဒီကနေ့ ကျွန်တော်တို့ နိုင်ငံ တစ်နိုင်ငံဖြစ်ဖို့ဆိုတဲ့ဟာက အမျိုးဂုဏ်၊ ဇာတိဂုဏ် ကျွန်တော်တို့ရဲ့ ဝိသေသလက္ခဏာတွေ ထူးခြားပြီး မြင့်မားမှသာလျှင် ကျွန်တော်တို့ရဲ့ နိုင်ငံဟာ ကျွန်တော်တို့ရဲ့ အမျိုးသားဟာ မြင့်မြတ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကနေ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ အခုပြဋ္ဌာန်းထားတဲ့ ရှေးဟောင်း အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဟာ အင်မတန်သင့်မြတ်ပါတယ်။ အဲဒီတော့ ဒီကိစ္စနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော် အနည်းငယ်ခြုံငုံပြီးတော့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအမျိုးသားလွှတ်တော်အနေနဲ့ ဒီ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်းတဲ့နေရာမှာ ကျွန်တော်လေ့လာဖတ်ရှုကြည့်တဲ့အချိန်မှာ အခန်း(၁၀)ခန်းစလုံးဟာ သင့်မြတ်ပါတယ်လို့ ကျွန်တော် ရှေးဦးစွာ ကျွန်တော်တင်ပြလိုပါတယ်။

သို့သော် ခုန ကျွန်တော်ပဏာမကနေ ကျွန်တော်တင်ပြသွားသလိုပဲ ဒီဥပဒေဟာ သာမန်အားဖြင့် လူသားတွေအနေနဲ့ ကြည့်ရှုတဲ့အချိန်မှာ ပေါ့ပေါ့တန်တန်ထားတဲ့ကိစ္စ ဖြစ်တတ်တယ်လို့ ကျွန်တော် ရှုမြင်မိပါတယ်။ အဲတော့ ဒီဥစ္စာကို ဒီဥပဒေကို ကျွန်တော်တို့ အလေးအနက်ထားပြီးစဉ်းစား ဆောင်ရွက်မှသာလျှင် ပိုမိုပြီးတော့ ကျယ်ပြန့်ပြီးတော့ ကျွန်တော်တို့ရဲ့ အမျိုးသားဂုဏ်၊ ဇာတိဂုဏ် ပိုမိုမြင့်မားလာမယ်လို့ ယုံကြည်တဲ့အတိုင်း ကျွန်တော် ဖတ်ရှုလေ့လာတဲ့အချိန်မှာ ထပ်မံပြီးတော့ အကြံပြုလိုတဲ့ အချက်လေး နှစ်ချက်ကို ကျွန်တော် ထပ်မံတင်ပြသွားမှာဖြစ်ပါတယ်။ အကယ်၍များ ကျွန်တော့်ရဲ့ တင်ပြချက်ဟာ လိုအပ်တယ်လို့ ဒီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ရှုမြင်တယ်ဆိုရင်လည်းပဲ ဖြည့်စွက်ပေးဖို့ အကယ်၍များ ကျွန်တော့်ရဲ့တင်ပြချက်ဟာ သိပ်မလိုအပ်ဘူးလို့ယူဆရင်လည်းပဲ ဒါထည့်သွင်း စဉ်းစားခြင်းမပြုဘူးဆိုရင်လည်းပဲ ဒါ ကျွန်တော် ဆွေးနွေးခွင့်ရရှိတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်လို့ ရှေးဦးစွာ ဖော်ပြလိုပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်က ဒီဥစ္စာကို လေ့လာကြည့်တဲ့အချိန်မှာ ကျွန်တော်တို့ အခန်း(၂)ရည်ရွယ်ချက်နဲ့ ပတ်သက်ပြီးတော့ ပြဋ္ဌာန်းထားတဲ့ ရည်ရွယ်ချက် အားလုံးကလည်း သင့်မြတ်ပါတယ်။

သို့သော် ဒီနေရာမှာ ဘယ်လိုပြဋ္ဌာန်းထားသလဲဆိုတော့ ကျွန်တော်တို့ ဒီရှေးဟောင်းအဆောက်အအုံအနေနဲ့ အဓွန့်ရှည်ဖို့၊ ထိန်းသိမ်းကာကွယ်ဖို့ရယ်၊ နောက်ပြီးတော့ သဘာဝဘေးအန္တရာယ်ကနေ ကာကွယ်ဖို့ရယ် လူ့ရဲ့ပယောဂ စသဖြင့် ဒီထိန်းသိမ်းတဲ့အပိုင်းကတော့ ပြည့်စုံပြီးပါပြီလို့ပဲ ကျွန်တော့် အနေနဲ့တင်ပြချင်တယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်ထပ်မံပြီး ဖြည့်စွက်ချင်တာက ကျွန်တော်တို့ ဒီ တွေ့ရှိနေရတဲ့ ရှေးဟောင်းအဆောက်အအုံဟာ ကျွန်တော်တို့ ထိန်းသိမ်းရုံနဲ့ ကျွန်တော်တို့က ဒီသဘာဝဘေးအန္တရာယ်မှ မပျက်မဆီး၊ မဆွေးမမြေ့ရလေအောင် ကာကွယ်ရုံနဲ့တော့ ကျွန်တော်တို့ သိပ်ပြီးတော့ လုံလောက်မှုမရှိဘူးလို့ ကျွန်တော်ထင်တယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ အနေနဲ့ တကယ်ကြည့်ရင် ဒီကမ္ဘာပေါ်မှာ ရှေးအကျဆုံးသော အာရှတိုက်ကြီးမှာ ကျွန်တော်တို့ တည်ရှိတဲ့ နိုင်ငံတွေဖြစ်တယ်။ လူ့ရဲ့ယဉ်ကျေးမှုတွေကလည်း မြင့်မားတယ်။ ဆင်းသက်လာတဲ့ လူ့ယဉ်ကျေးမှုတွေကလည်း ရှည်လျားတာ အဲဒီတော့ ဒီယဉ်ကျေးမှုတွေဟာ တည်တံ့တယ်။ ဒီနေ့ နိုင်ငံတော်မှာ ဖော်ထုတ်နိုင်သလောက်တော့ ဖော်ထုတ်ပါပြီ။ ဖော်ထုတ်လို့ရရှိတဲ့ ဥစ္စာလေးတွေကိုလည်းပဲ ဒါထိန်းသိမ်းတယ်ဆိုတာလည်း ကျွန်တော်တို့ မြင်တွေ့ရပြီ။

သို့သော် ကျွန်တော်တို့နိုင်ငံအနေနဲ့ ပိုမိုပြီးတော့ များပြားတဲ့ တိုင်းရင်းသားလူမျိုးများတွေလည်းရှိတယ်။ ကျွန်တော်တို့ ဖော်ထုတ်ရန် ကျန်နေသေးတဲ့ ဒီအဆောက်အအုံ၊ ယဉ်ကျေးမှုအဆောက်အအုံတွေ အများကြီးရှိသေးတယ်လို့ ဒါ ကျွန်တော့်အနေနဲ့လေ့လာသိရှိရပါတယ်။ ဒါကြောင့်မို့လို့ ရည်ရွယ်ချက်တစ်ခုထဲမှာ ခုနက ဒီအချက်လေးတစ်ချက်ကို ထပ်မံဖြည့်စွက်ပေးဖို့ ကျွန်တော်တို့ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံတွေ ဖော်ထုတ်ဖို့ ဆိုတဲ့ရည်ရွယ်ချက်ကို ဒါ တစ်ချက်လောက် ထပ်မံပြီးတော့ ဖြည့်စွက်မယ်ဆိုရင် ပိုများ ဒီ ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်က ပိုမိုပီပြင်လာလေမလားလို့ ကျွန်တော့်အနေနဲ့ ယုံကြည်တဲ့အတွက်ကြောင့် ရည်ရွယ်ချက်(၆)ချက်ထဲမှာ တစ်ချက်ကို ထပ်မံပြီးတော့ ဒီရှေးဟောင်း အဆောက်အအုံများကို ဖော်ထုတ်ရန်ဆိုတဲ့ ရည်ရွယ်ချက်ကို ထပ်မံဖြည့်စွက်ပေးဖို့ဖြစ်ပါတယ်။ နောက် အဲဒီတစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ ဒီအခန်း(၄)မှာလည်းပဲ ဖြည့်စွက်စေချင်တဲ့ ရည်ရွယ်ချက်ကလေးကတော့ ဒါ အခန်း(၄) အပိုဒ်(၆)မှာ ဝန်ကြီးဌာနရဲ့ဆောင်ရွက်မှု ဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုက ဒါ သုံးချက်ပဲရှိပါတယ်။ အဲဒီ သုံးချက်ထဲမှာ ဘာလဲဆိုတော့ အဓွန့်ရှည်တည်တံ့ဖို့ရယ်၊ နောက် ပျက်ဆီးမှုမရှိအောင် ကြိုတင်ကာကွယ်ဖို့ရယ်၊ နောက်ပြီးတော့ တိုင်းရင်းသားလူမျိုးများအားလုံးက ဒီဥစ္စာကို အသိစိတ်ဓာတ်နဲ့ ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်နိုင်အောင် ပညာပေးဖို့ ရည်ရွယ်ချက်သုံးချက်ပဲ ကျွန်တော် တွေ့ရှိရတယ်။

အဲဒီတော့ ဆက်လက်ပြီးတော့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တစ်ခုအနေနဲ့ ဒီရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံအားပိုမို ကျယ်ပြန့်စွာဖော်ထုတ်ခြင်းနဲ့ အဲဒီ ရှေးဟောင်းဇယားဝင် အဆောက်အအုံဖြစ်အောင်လည်း တဖန်ဆောင်ရွက်ပေးဖို့ဆိုတဲ့ အချက်ကလေးကို ထပ်မံဖြည့်စွက်လိုပါတယ်။ အကြောင်းက ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်လေ့လာကြည့်ရသလောက် အထူးသဖြင့် ကျွန်တော်တို့ ဒီရှမ်းပြည်နယ်ဒေသမှာရော နောက် ကျွန်တော်တို့ ရခိုင်ဘက်ဒေသမှာရော ဒါရှေးဟောင်းယဉ်ကျေးမှုတွေဟာ အတော်များများကြီး ကျန်ရှိနေသေးတယ်လို့ ကျွန်တော်လေ့လာသိရှိရပါတယ်။ ဒါ့ကြောင့်

ဒီဒေသမှာရှိတဲ့ ရှေးဟောင်းယဥ်ကျေးမှုအဆောက်အအုံတွေကို ဒီဝန်ကြီးဌာနအနေနဲ့ အလေးအနက်ထား ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့ ကျွန်တော် တိုက်တွန်းလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ဥပဒေရဲ့ ပြဋ္ဌာန်းချက်အရ ပုဒ်မ(၄)မှာ ဖော်ပြထားတဲ့ ဒီရှေးဟောင်းအဆောက်အအုံ ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ကျုံးတို့၊ တံတားတို့ စသဖြင့် အားလုံးပါတာပေါ့လေ။ ဒီအထဲမှာ အဲတော့ ဒီအနေအထား ကျွန်တော်တို့ ဒီဒေသတွေမှာ ယဥ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ မရောက်ရှိသေးတဲ့ ဂူတွေ၊ ရှေးဟောင်း ယဥ်ကျေးမှု အဆောက်အအုံဖြစ်တဲ့ ဂူတွေ၊ နောက်ပြီးတော့ တခြားအချက်အလက်တွေလည်း ရှိပါတယ်။ လူတွေ မွမ်းမံပြီးတော့ ဆောင်ရွက်တဲ့ ယုံကြည်ကိုးကွယ်ရာ အဆောက်အအုံတွေလည်း အများကြီး ကျန်သေးတယ်လို့ ကျွန်တော်တို့ လေ့လာတွေ့ရှိရတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စလေးတွေကို ဆောင်ရွက် ချက်တစ်ခုအနေနဲ့ ပိုမိုဆောင်ရွက်လာအောင် ဒီရည်ရွယ်ချက်လေးကိုကျွန်တော် ထပ်မံဖြည့်စွက်အကြံပြု တင်ပြခြင်းဖြစ်ကြောင်း လေးစားစွာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ စိတ်၏ အေးချမ်းခြင်း၊ ကိုယ်၏ အေးချမ်းခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်း ဂါရဝပြုပါတယ်။ ကျွန်မတို့ နိုင်ငံတော်ရဲ့ ဦးတည်ချက်တွေမှာ ကျွန်မတို့ လူမှုရေးနဲ့ပတ်သက်တဲ့ ဦးတည်ချက်ထဲမှာ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနဲ့ ယဥ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတာ တစ်ခု ပါပါတယ်။ နောက်ပြီးတော့ ကျန်တာလည်း ဖွံ့ဖြိုးတိုးတက်ရေး ကို ဘယ်လိုပဲ ဆောင်ရွက်ဆောင်ရွက် ၊ မိမိနိုင်ငံနဲ့ပတ်သက်တဲ့ အသက်ကဲ့သို့သော တန်ဖိုးရှိတဲ့ နိုင်ငံတော်ရဲ့ ယဥ်ကျေးမှု ဓလေ့ထုံးတမ်းစဥ်လာတွေ နောက် ရိုသေသင့် ရိုသေထိုက်၊ ထိန်းသိမ်းသင့် ထိန်းသိမ်း ထိုက်တဲ့ ပစ္စည်းပစ္စယတွေ အဲဒါတွေကို ကျွန်မတို့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့ရာ အားလုံးမှာ တာဝန် ရှိပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ ဦးတည်ချက်တွေ၊ ရည်ရွယ်ချက်တွေမှာလည်း အမြဲတမ်း ထည့်သွင်းပြီးတော့ ဒါတွေကို ပြောတာကို ကျွန်မတို့ သိနေရပါတယ်။ အဲဒီတော့ ကျွန်မ ရှေးဟောင်းအဆောက်အအုံ ဆိုတဲ့နေရာမှာ ပုဒ်မ ၄ မှာ ရှေးဟောင်း အဆောက်အအုံ ဆိုသည်မှာ စေတီ၊ ပုထိုး၊ ဂူ၊ ဘုရား၊ ဘုန်းတော်ကြီးကျောင်း စသည်ဖြင့် ဖွင့်ဆိုထားတဲ့ အဓိပ္ပာယ်တွေ၊ ဖွင့်ဆိုထားတဲ့ အမျိုးအစားတွေ တွေ့ရပါတယ်။ အဲဒီမှာ ကျွန်မ ဒီဟာနဲ့ပတ်သက်ပြီးတော့ နည်းနည်းလေး တင်ပြချင်ပါတယ်။

အဲဒါဘာလဲဆိုတော့ ကျွန်မတို့နိုင်ငံရဲ့ ရှေးဟောင်းအမွေအနှစ်ဖြစ်တဲ့ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေ၊ ရွှေ့ပြောင်းနိုင်တဲ့ ဝတ္ထုပစ္စည်းတွေ ဟိုတလောက ဆွေးနွေးသွားတာတော့ ရွှေ့ပြောင်းလို့ရတဲ့ ရှေးဟောင်းပစ္စည်းတွေ ဒါကတော့ ရှေးဟောင်းအဆောက်အအုံတွေ ရွှေ့ပြောင်းလို့ မရတဲ့ သို့သော်လည်း ရှေးဟောင်းအဆောက်အအုံထဲမှာလည်း ရွှေ့ပြောင်းလို့ရတဲ့ ရှေးဟောင်းပစ္စည်းတွေလည်း ပါတယ်။ ရွှေ့ပြောင်းလို့မရတဲ့ အဆောက်အအုံတွေလည်း ပါတယ်။ နည်းနည်းလေး ဒီမှာ ရွှေတိဂုံစေတီတော်

မြတ်ကြီးနဲ့ ပတ်သက်တာကို နည်းနည်း ဆွေးနွေးတင်ပြပါရစေ။ အဲဒါက သူများတွေ လေ့လာပြီးတော့မှ ပြုစုထားတဲ့ဟာတွေကို ကျွန်မတို့ ထပ်ပြီး လေ့လာလိုက်တဲ့အခါမှာ ကျွန်မတို့ အဲဒီစေတီကြီးမှာဆိုလို့ရှိရင် ရင်ပြင်တော်ပေါ်မှာ ရုပ်ပွားဆင်းတုတော်တွေ တစ်ထောင်ကျော် (၁၀၁၈)ဆူ၊ ဆောင်းတန်းတစ်ခုမှာ လှေကားထစ်(၉၀)စီ၊ ဖိနပ်ခြေတော်ရင်းမှာ စေတီအထွတ်တင် အုတ်ဂူပြသဒ် (၈၂)ဆူစီ ၊ ပန်းတင်ခုံပေါ်မှာ စေတီရံ ကင်းပိတ်စေတီတော်တွေက (၆၈)ဆူစီရှိတာကို လေ့လာတွေ့ရှိရပြီးတော့ ပုဂံက အာနန္ဒာဘုရားကြီးမှာဆိုလို့ရှိရင် အင်မတန်ကို အံ့သြစရာ ကောင်းလောက်အောင် သုတေသန ပြုထားတဲ့ ဟာတွေက ကျွန်မတို့ ဒီထဲမှာ မော်ကွန်းတင်သွားတဲ့အခါမှာ ကျွန်မတို့ အဲဒါတွေကို လေ့လာတဲ့အခါမှာ တွေ့ရတာ အာနန္ဒာစေတီတော်ကြီးကို ကျန်စစ်သားမင်းကြီး လှူခဲ့တဲ့အခါမှာ ရွှေတုံးက (၈၈)တုံးရှိပြီးတော့ (၁)တုံးကို ရွှေချိန်သုံးသောင်းသုံးရာနဲ့ သုံးဆယ့်သုံးကျပ်နဲ့ သုံးမတ်သား အဲဒီလိုရှိကြောင်းနဲ့ ဌာပနာတိုက်ထဲမှာ ရွှေစင် (၁)သိန်းစီနဲ့ သွန်းလှူထားတဲ့ အရုပ်တွေကလည်း လွန်စွာများပြားပြီးတဲ့အခါကျတော့ အားလုံး ရတနာတွေ စုစုပေါင်းကို ချင့်လိုက်တဲ့အခါကျတော့ ရွှေစင် သုံးကုဋေ ခြောက်သန်း ရှိတယ်ဆိုတာကို ဖတ်ဖူးမှတ်ဖူးပါတယ်။ အဲဒီတော့ ကျန်စစ်သားမင်းကြီးတောင်မှ သူ့ရဲ့ အဲဒီလှူဒါန်းထားတဲ့ဟာတွေ ကြည့်ပြီးတော့ အံ့သြပြီးတော့ ဝမ်းသာလွန်းအားကြီးလို့ သူ့စေတီကိုတောင်မှ သူ့ရဲ့ ဌာပနာတိုက်ကိုတောင်မှ မပိတ်ဘဲနဲ့ အကြာကြီးပဲ အံ့သြမှင်သက်ပြီးတော့ မပိတ်ဘဲ ကြည့်ပြီးတော့ ကြည်ညိုခဲ့ဖူးတယ်လို့ ကျွန်မတို့ ဖတ်ဖူးမှတ်ဖူးပါတယ်။

အဲဒီနောက်ပိုင်းလည်း ကျန်တဲ့ ကျွန်မတို့ နိုင်ငံမှာ ရှိနေတဲ့ အခြား အခြားသော ဒီလိုရှေးဟောင်းအဆောက်အအုံတွေနဲ့ ပတ်သက်လို့ မရွှေ့ပြောင်းနိုင်တဲ့ဟာတွေနဲ့ ပတ်သက်လို့ အများကြီးပဲ ရှိနေဦးမယ်ဆိုတာကို အစောကကိုယ်စားလှယ်တော်ကြီးပြောသွားသလိုပဲ ကျွန်မတို့ သိရှိရပါတယ်။ နောက်တစ်ခါ ကျွန်မတို့ မန္တလေးမှာဆိုလို့ရှိရင်လည်း မန္တလေးရဲ့ ဒါကတော့ ကျွန်မကိုယ်တိုင်လည်း သွားခဲ့တာ ဖြစ်တော့ ဒီဥပဒေတွေတော့ ကျွန်မတို့က မလေ့လာရသေးဘူး။ ဒီဟာတွေလည်း မရှိသေးဘူးဆိုတဲ့အခါကျတော့ ကျွန်မတို့ မန္တလေး ရဲ့ အနောက်မြောက်ထောင့်မှာ ရှင်အရဟံသိမ် ဆိုတာ ရှိပြီးတော့ အရှေ့တောင်ထောင့်မှာတော့ သိမ်က (၃)လုံး ရှိပါတယ်။ အဲဒီတော့ အဲဒီသိမ်သုံးလုံးကလည်း သိပ်ပြီးတော့ သွားတာလာတာ နာမည်ကြီးတာ မဟုတ်တော့ ကျွန်မတို့ ဒါ ရှာဖွေပြီးတော့ ကျွန်မ ဝါသနာပါလို့ သွားခဲ့တာဖြစ်လို့ ဒါ နေဝင်သိမ် သူက နေထွက်သိမ် ကစပြီးတော့ နေထွက်သိမ်၊ မွန်းတည့်သိမ်၊ နေဝင်သိမ်၊ သန်းခေါင်သိမ် ဆိုပြီးတော့ သိမ် (၄)သိမ် ရှိပါတယ်။ ဒါပေမဲ့ အဲဒီလိုဟာမျိုးတွေနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ ခုဟာ စာထဲမှာရော ဘာရော ညာရော ဘယ်မှာမှ ကျွန်မတို့ မှတ်တမ်းမှတ်ရာတွေနဲ့ တွေ့ရတာတွေ မရှိပါဘူး။ အဲဒီတော့ အခုလို ဥပဒေ ထွက်လာတဲ့ အခါမှာ ဥပဒေတွေထဲမှာ ပါတဲ့ ပုဒ်မတွေထဲမှာပါတဲ့ ပြဋ္ဌာန်းချက်တွေအရ ပတ်သက်ရာ ပတ်သက်ကြောင်းနဲ့ သိတယ်ဆိုရင် လာပြီးတော့ အကြောင်းကြားရမယ်။ လာပြီးတော့ ဒါကို တင်ပြရမယ်။ သိတဲ့ အခါကျတော့မှ သွားပြီးတော့ ရှေးဟောင်းအဆောက်အအုံ ဟုတ်သလား မဟုတ်ဘူးလားဆိုတာကို သေချာလေ့လာပြီးတော့မှ မှတ်တမ်းတင်ရမယ်ဆိုတာကို ဒီထဲမှာပါတာ ဖြစ်တဲ့အတွက် ကျွန်မ အထူးပဲ အဲဒီဟာကို ဝမ်းသာပြီးတော့ ဒီဥပဒေကို ကြိုဆိုပါတယ်။

နောက် ကျွန်မ ဆွေးနွေးချင်တာကတော့ ဒီမှာကျွန်မတို့ ပုဒ်မ ၆ (က)မှာ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံ တစ်ခုခုနှင့်စပ်လျဉ်း၍ အစွန့်ရှည် တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်ဆိုပြီးတော့ (က)မှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ တိုင်းဒေသ

ကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ ပြည်တွင်းပြည်ပအစိုးရအဖွဲ့အစည်းများနဲ့ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ရှေးဟောင်း အဆောက်အအုံ များကို ကာကွယ်ထိန်းသိမ်းခြင်းဆိုတာ ပါပါတယ်။ အဲဒီမှာ မူလအဆိုပြု ပြဋ္ဌာန်းချက်ကတော့ (က) သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များနှင့် ညှိနှိုင်း၍ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလို့ အဲဒီလိုပါပါတယ်။ အဲဒီတော့ စာလုံး လေးက အနည်းနဲ့ အများကွာတယ်။ နောက် အဓိပ္ပာယ်လည်း အများကြီးကွာတယ်။ ဟိုဘက်ကတော့ ထိန်းသိမ်းစောင့်ရှောက်ခြင်းလို့ ပါပါတယ်။ ဒီဘက်က ကာကွယ်ထိန်းသိမ်းခြင်းလို့ ပါ ပါတယ်။ အဲဒီတော့ ဥပဒေရဲ့ အစမှာ ဒီက ရှေးဟောင်းအဆောက်အအုံ ရှေးဟောင်း ဇယားဝင် အဆောက်အအုံ၊ နောက်တစ်ခါ ကာကွယ်ထိန်းသိမ်းခြင်းဆိုတဲ့ဟာနဲ့ ပါလာတာ ဖြစ်တဲ့အတွက် ကာကွယ်ထိန်းသိမ်းခြင်း ကိုပဲ လက်သင့်ခံပြီးတော့ ကျွန်မကတော့ အဲဒီဟာကို ထောက်ခံပါတယ်။

သို့သော်ငြားလည်းပဲ အထဲ ထဲမှာပါတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များ ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဆိုတာ NGO , INGO အဖွဲ့များကို ညွှန်းဆိုတဲ့သဘောလို့ ကျွန်မ အဲဒီလို နားလည်ပါတယ်။ ကျွန်မ ဆန္ဒအရ တင်ပြရမယ် ဆိုရင် ဆွေးနွေးရမယ်ဆိုရင်တော့ ကျွန်မတို့နိုင်ငံမှာ NGO အဖွဲ့တွေ အများကြီး ရှိတာဖြစ်သလို INGO တွေလည်း တော်တော်များများ ရှိပါတယ်။ အဲဒီတော့ ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အကုန်လုံးကိုသာ ထည့်ပြီးတော့ ဆွေးနွေးမယ်ဆိုလို့ရှိရင် တော်တော်လေး ကျယ်ပြန့်ပြီးတော့ တော်တော်လေးလည်း ခက်ခက်ခဲခဲ ရှိတဲ့အခြေအနေ ရှိပါတယ်။

အဲဒီတော့ ဒါရှေးဟောင်းအဆောက်အအုံက ရှေးဟောင်းအဆောက်အအုံနဲ့ ပတ်သက်တဲ့ ဥပမာ ထိန်းသိမ်းနေတဲ့ ဝိုင်ပိုတို့ ယူနက်စကို ဒါကတော့ ကမ္ဘာမှာ အခုကျွန်မတို့ မြန်မာမှာလည်း ရှေးဟောင်းနဲ့ပတ်သက်ပြီးတော့ အခု အဖွဲ့တွေ ဖွဲ့ထားတယ်လို့ ကျွန်မ သိရှိရပါတယ်။ သို့သော်လည်း နာမည်တွေ အတိအကျတော့ သေချာလေ့လာထားတာ မဟုတ်လို့ ကျွန်မ မပြောနိုင်သော်ငြားလည်းပဲ ဒီလို ရှေးဟောင်းအဆောက်အအုံနဲ့ပတ်သက်လို့ နိုင်ငံတော်ရဲ့ အမွေအနှစ်တွေနဲ့ပတ်သက်လို့ ထိန်းသိမ်းရမယ့်ဟာတွေကို အဓိကထားပြီးတော့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းမျိုးနဲ့သာလျှင် ဒီထဲမှာပါပြီးတော့မှ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သင့်တယ်လို့ ကျွန်မ အဲဒီလို ထင်ပါတယ်။ ဥပမာ မသန်စွမ်းဆိုလို့ရှိရင်လည်း မသန်စွမ်းနဲ့ပတ်သက်တဲ့ NGO ရှိပါတယ်။ အမျိုးသမီး ဆိုရင်လည်း အမျိုးသမီးနဲ့ပတ်သက်တဲ့ NGO ရှိပါတယ်။ အဲဒီတော့ ဒီစာလုံးဟာ ပြတ်ပြတ်သားသား မရှိဘဲနဲ့ အကုန်လုံးရောပြီးတော့ အကုန် ပါထားတာ ဖြစ်တဲ့အတွက် အင်မတန် ခက်ခဲတဲ့ ဥပဒေ တစ်ခုလို့ ဆောင်ရွက်ဖို့ရာ နောင်အရှည်မှာ တော်တော်လေး ရှုပ်ရှုပ်ထွေးထွေး ဖြစ်နိုင်တဲ့ ပြဋ္ဌာန်းချက် တစ်ခုလို့ အဲဒီလိုယူဆပါတယ်။ အဲဒါကြောင့်မို့လို့ ဒီနေရာလေးမှာတော့ တကယ်လို့ ပါစေချင်တယ်ဆိုရင် တောင်မှ ဘောင်တစ်ခုနဲ့ အင်မတန် ပြတ်ပြတ်သားသား တိတိကျကျ ခိုင်ခိုင်မာမာဖြစ်ဖို့ ပြဋ္ဌာန်းသင့် တယ်လို့ ကျွန်မ အဲဒီလို အကြံပြုဆွေးနွေးချင်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၂၆ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံ တည်ရှိသော မြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ သိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်ဆိုတဲ့ ကိစ္စပါ။

အဲဒါက မူလ အဆိုပြု ပြဋ္ဌာန်းချက်မှာတော့ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတည်ရှိသော မြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို မြေသိမ်း အက်ဥပဒေအရ နိုင်ငံတော်အကျိုးငှာ သိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်ဆိုပြီးတော့ အဲဒီလို ပါပါတယ်။ အဲဒီတော့ ကျွန်မတို့ ဖွဲ့စည်းပုံမှာတော့ နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုဟာ နိုင်ငံတော်က ပိုင်ဆိုင်တယ်ဆိုတာ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ ရှေးဟောင်းအဆောက်အအုံ တွေနဲ့ ပတ်သက်လို့ကတော့ တော်တော်လေးလည်း တန်ဖိုးထား ၊ တော်တော်လေးလည်း မြတ်မြတ်နိုးနိုး ၊ တော်တော်လေးလည်း ကာကွယ်ထိန်းသိမ်းသင့်တာဖြစ်တဲ့အတွက် အဲဒါနဲ့ပတ်သက်တဲ့အခါမှာ ရှေးဟောင်း အဆောက်အအုံတွေနဲ့ ပတ်သက်တဲ့ မြေဧရိယာပေါ့နော်၊ အဲဒီဧရိယာမှာလည်း ကျွန်မကတော့ ရှေးဟောင်း အဆောက်အအုံရဲ့ သဘောသဘာဝ ဥပမာ ရွှေတိဂုံစေတီတော် သို့မဟုတ် မန္တလေးက နန်းမြို့ရိုးကြီး သို့မဟုတ် တခြားသိမ် စသည်ဖြင့် အဲဒီလို အဆောက်အအုံရဲ့ အမျိုးအစားကွဲပြားသွားမှုအပေါ်မှာ သဘောသဘာဝအပေါ်မှာ ခွဲခြားပြီးတော့ သတ်မှတ်ပြီးတော့ အဲဒီလို ဆောင်ရွက်သင့်တယ်လို့ အဲဒီလိုယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြေသိမ်းတာက နိုင်ငံတော်မှာ မြေသိမ်းအက်ဥပဒေနဲ့အညီ သိမ်းခွင့်ရှိတာတော့ ဟုတ်ပါတယ်။ သို့သော်လည်း အဲဒီမှာ နောင်အရှည် သို့မဟုတ် တကယ် ပြတ်ပြတ်သားသား တိတိကျကျ ဖြစ်ဖို့ ဥပမာ ဘုရား ဒီဘုရားရဲ့ မြေဧရိယာဟာ ဘုရားပရိဝုဏ်ဟာ ဘယ်လောက်ရှိတယ်။ အဲဒီပရိဝုဏ် အနက်ဘယ်လောက်မှာတော့ သူက သိမ်းလို့ရတဲ့ နေရာ အန္တရာယ် ကင်းတယ်ဆိုတဲ့ နေရာဆိုပြီးတော့မှ အဲဒီလို သတ်မှတ်ပြီးတော့မှသာလျှင် ဒါကို ဆောင်ရွက်သင့်တယ်လို့ ဒီဟာလေးကိုလည်း နည်းနည်းပြန်ပြီးတော့၊ စဉ်းစားပြီးတော့ ပြဋ္ဌာန်းချက်ကို နည်းနည်းလေး တစ်ခုခုလေး နဲ့ ပြင်ဆင်ပြီး ရေးရင်ကောင်းမလားလို့ ကျွန်မကတော့ အဲဒီလိုပဲ အကြံပြုပြီးတော့ ဆွေးနွေးချင်ပါတယ်။

အဲဒါ အခု လောလောဆယ်မှာလည်း ကျွန်မတို့ ရှိနေတဲ့ ရှေးဟောင်းအဆောက်အအုံတွေနဲ့ ပတ်သက်လို့ အန္တရာယ်ရှိနေတယ်လို့ အသံတွေက တအားကြားနေပြီးတဲ့အခါကျတော့မှ အဲဒီဟာတွေ အတွက်လည်း ပြည်သူလူထုက အများကြီး ကျွန်မတို့ လွှတ်တော်ကိုရော ကျန်တဲ့အစိုးရ ကျန်တဲ့ အဖွဲ့ အစည်း အသီးသီးက တစ်ခုခု နိုင်ငံတော်ကို တင်ပြစေချင်တဲ့ဆန္ဒတွေ ရှိပါတယ်။ ကျွန်မ ဒါကို ပြောရင်းနဲ့ ရောပြီးတော့ပဲ အဲဒီဟာတွေရော ကျွန်မတင်ပြချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မဟာအတုလ ဝေယံဘုံသာ ကျွန်မတို့ရဲ့ မန္တလေးက ကျောင်းတော်ကြီးဆိုလို့ရှိရင် အရင်တုန်းက တိုင်လုံးကြီးတွေနဲ့ ရှေးရှေး တုန်းကပေါ့နော် ဆိုပေမယ့် အခု ကျတော့ ကွန်ကရစ်တိုင်တွေ ဖြစ်သွားပါပြီ။ ကျောင်းတော်ကြီး လည်း ရှိတယ်၊ ကျောင်းတော်ရာလည်းရှိတယ်။ ကျောင်းလည်းရှိတယ်။ သို့သော်လည်း သဘော သဘာဝတွေကတော့ တော်တော်လေး ကွဲပြားခြားနားသွားပါတယ်။ ဒါက တစ်ခုပါ ပုံပန်းသဏ္ဌာန် အထဲထဲက အနှစ်သာရ ပျက်စီးသွားတဲ့ အပိုင်းပါ။ ဒါပေမဲ့ အရှည်ကြည့်ညိုခွင့်ရတာ ဖြစ်တဲ့အတွက် ကောင်းတာကတော့ ကောင်းပါတယ်။ အခုလည်း ကျွန်မတို့ ကမ္ဘာကြီးမှာလည်း ဖွံ့ဖြိုးတိုးတက်လာတယ်။ မြန်မာမှာလည်း ဖွံ့ဖြိုးတိုးတက်လာတယ်။ အဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်တယ်။ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်တယ်၊ သို့သော် ကျန်တဲ့ ယဉ်ကျေးမှု အကျင့်စရိတ္တစသည်ဖြင့် ကျန်တဲ့ လိုအပ်တဲ့ ဖွံ့ဖြိုးတိုးတက်သင့်တဲ့ဟာတွေက တစ်ပြေးညီ လိုက်ဖွံ့ဖြိုးတိုးတက်မှု မရှိဘဲနဲ့ ဆုတ်ယုတ်နေတဲ့အခါမှာ ကျွန်မတို့ကတော့ ကျွန်မတို့ နိုင်ငံတော်အတွက် ထိန်းသိမ်းသင့် ထိန်းသိမ်းထိုက်တာတွေကို ထိန်းသိမ်း သင့်တယ်လို့ ယုံကြည်တာ ဖြစ်တဲ့အတွက် ကျွန်မက ဒါကို ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ အဲဒါ ဘာလဲဆိုတဲ့အခါကျတော့ ကျွန်မတို့ ဦးတည်ချက်တွေအရရော၊ ဥပဒေတွေအရရော ကျွန်မတို့

နိုင်ငံတော်ရဲ့ တကယ့် တန်ဖိုးထားတဲ့ ကျွန်မတို့ နိုင်ငံရဲ့ တန်ဖိုးရှိတဲ့ ရှေးဟောင်း အဆောက်အအုံတွေအရရော နောက်တစ်ခါကျတော့ အင်မတန် ဝိသမ လောဘဖြစ်ပြီးတော့ တန်ဖိုး ထားသင့်တာကို တန်ဖိုး မထားဘဲနဲ့ အခွင့်အရေး ယူချင်တဲ့ဟာတွေအတွက်ရော ထိန်းသိမ်းသင့်သလောက်ကို ထိန်းသိမ်းဖို့ ဒီဥပဒေထဲမှာ ထည့်ပြီးတော့၊ ပြန်ပြီးတော့၊ ဆွေးနွေးပြီးတော့ ပြဋ္ဌာန်းရင်တော့  ပိုပြီးတော့ ကာကွယ် ထိန်းသိမ်း စောင့်ရှောက်တယ်ဆိုတဲ့ အဓိပ္ပာယ်က ပိုပြီးတော့ ထိရောက်မယ်လို့ ကျွန်မ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**အချိန်၊ ၁၀း၅၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၅၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၅၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၇) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၈) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့ကို ၁၀း၅၄ နာရီအချိန်တွင် ရပ်နားပါသည်။]